# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 29 , 2024 Volume 78, Number 19

၂၉.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၂၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးကွက်သို့ ကြက်သွန်ဖြူများ အဝင်နည်းကာ ဈေးများမြင့်တက်နေ




ရာသီကုန်ချိန်ဖြစ်၍ ကြက်သွန်ဖြူများအဝင်နည်းကာ ဈေးများမြင့်တက်နေကြောင်း ဈေးကွက်အရသိရသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် အဝင်နည်းလာ၍ ရှမ်းကြက်သွန်ဖြူများအပြင် တရုတ်ကြူကုတ်ကြက်သွန်များပါ အမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ရာသီကုန်သွားလို့ ရှမ်းကြက်သွန်တွေ အဝင်နည်းတယ်။ ဈေးကွက်အရ ကြူကုတ်မရှိရင် ရှမ်းကထိုးတက်မှာ။ ရှမ်းမရှိရင် ကြူကုတ်ကတက်တယ်။ ဒါကြောင့် ကြက်သွန်ဈေးတွေ ဆက်တိုက်တက်လာတာ။ ပြီးခဲ့တဲ့လတွေဆို ရှမ်းမြောက်ပိတ်ထား လို့ ကြူကုတ်အဝင်နည်းသွားတယ်"ဟု exporter တစ်ဦးကပြောသည်။

ကြက်သွန်ဖြူက မေလအစ တစ်ပိဿာလျှင် ၆၅၀၀ မှ ၈၀၀၀ အထိ ပေါက်ဈေးရှိခဲ့ပြီး မေလဒုတိယအပတ်မှစတင်ကာ တဖြည်းဖြည်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မေလ ၂၁ ရက်နေ့ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အောင်ပန်းထူးကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ၁၀,၅၀၀ အတွင်းထိသာရှိခဲ့ပြီး လက်ရှိတစ်ပိဿာလျှင် ကျပ် ၁၀,၀၀၀ မှ ၁၂,၀၀၀ အထိ မြင့်တက်သွားကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ထို့ပြင် လက်ရှိကြက်သွန်ဖြူ ကြူကုတ်ရှယ်တစ်ပိဿာလျှင် ၁၁,၅၀၀ မှ ၁၂,၀၀၀ ဝန်းကျင်အထိ အမြင့်ဈေးတွင် ရှိနေသည်။ ပြီးခဲ့သည့်နှစ်ဖြင့်ယှဉ်ပါက ကြက်သွန်ဖြူဈေးမှာ အတက်ဈေးရရှိကြောင်း ကုန်သည်များက သုံးသပ်ကြသည်။ လက်ရှိ ကြက်သွန်ဖြူဈေး ထပ်မံမြင့်တက်လာမှာကြောက်၍ ဝယ်ယူထားသူများကြောင့်လည်း အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းနေတာလည်း ဖြစ်သည်။

ကြက်သွန်ဖြူဈေးများမှာ အချိန်နှင့်အမျှပြောင်းလဲနေခြင်းကြောင့် ဈေးတစ်သမတ်တည်းရောင်း၍မရကြောင်း ရှမ်းပြည်နယ်အောင်ပန်းမှ ကြက်သွန်ပွဲရုံများမှသိရသည်။

"မေလအစက တစ်ပိဿာကို ၈၀၀၀ နားပဲရှိတာ၊ အခုဆို ၁၂,၀၀၀ ဝန်းကျင်လောက်ထိပြန်ဖြစ်နေပြီး ဈေးတွေက တစ်နေ့နဲ့တစ်နေ့မတူဘူး အမြဲတက်နေတာ"ဟု ရန်ကုန်၊ သဃ်န်းကျွန်းမြို့နယ်မှ စားသုံးသူတစ်ဦးက ပြောသည်။

တရုတ် ကြူကုတ် ကြက်သွန်ဖြူများမှာ လားရှိုး (ရှမ်းမြောက်)နှင့် ထိုင်းဘက်မှ တိုက်ရိုက်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ကြက်သွန်ဖြူကို ပြည်တွင်း၌ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြခြင်းဖြစ်သည်။

Source: AMIA

https://t.me/htwettoe

## ပြည်တွင်း၌ နိုင်ငံခြားငွေဈေးနှုန်းများ မြင့်တက်

ပြည်တွင်း၌ နိုင်ငံခြားငွေဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း နိုင်ငံခြားငွေကြေးဈေးကွက်အတွင်းမှ သိရသည်။ ယမန်နေ့ (မေ ၂၈ ရက်) မွန်းတည့် ၁၂ နာရီတွင် ပြင်ပဈေးကွက်၌ အမေရိကန်ဒေါ်လာရောင်းဈေး ၄၂၈၀ ကျပ်၊ ထိုင်းဘတ်ရောင်းဈေး ၁၂၁ ဒသမ ၉၅ ကျပ်၊ တရုတ်ယွမ်ရောင်းဈေး ၆၃၂ ကျပ်ဖြစ်ပြီး၊ ယနေ့ (မေ ၂၉ ရက်) မွန်းတည့် ၁၂ နာရီတွင် အမေရိကန်ဒေါ်လာရောင်းဈေး ၄၄၂၀ ကျပ်၊ ထိုင်းတစ်ဘတ် ၁၂၅ ကျပ်၊ တရုတ်ယွမ် ၆၃၅ ကျပ်ဖြစ်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှသိရသည်။

"ဒေါ်လာဈေးတက်တယ်ဆိုရင် ရောင်းလိုအားဝယ်လိုအားပဲ။ ဒေါ်လာအဝင်များရင် ဒေါ်လာဈေးကျမှာပဲ။ ဒေါ်လာအဝင်နည်းရင် ဒေါ်လာဈေးတက်မှာ ဒါအခြေခံပဲ"ဟု စီးပွားရေးပညာရှင်တစ်ဦးကပြောသည်။

နိုင်ငံခြားငွေဈေးများ မြင့်တက်လာသည့်အတွက် အကျိုးဆက်အနေဖြင့် ကုန်ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် အခြေခံလူတန်းစားများ စားဝတ်နေရေးခက်ခဲလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် နိုင်ငံခြားငွေဖြင့်ဝယ်ယူရသည့် ဆေးဝါးများ၊ စက္ကူများ၊ ဆောက်လုပ်ရေးနှင့်မော်တော်ယာဉ်ပစ္စည်းများ ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"အွန်လိုင်းကနေရောင်းသူတွေကလည်း ဘတ်ဈေးတက်နေတော့ ထိုင်းကပစ္စည်းမှာရင် ပစ္စည်းရောက်တဲ့အချိန် ပေါက်ဈေးနဲ့ပဲရှင်းမှာတဲ့။ တချို့အွန်လိုင်းအရောင်းသမားတွေဆို ငွေလွှဲထားပေမဲ့လည်း ဈေးပြောင်းလို့ဆိုပြီး ပေါက်ဈေးအတိုင်းတောင်းနေကြတယ်"ဟု ထိုင်းနိုင်ငံမှလူသုံးကုန်ပစ္စည်းဝယ်ယူသူတစ်ဦးကပြောသည်။

နိုင်ငံခြားငွေဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်ပမှကုန်ပစ္စည်းတင်သွင်းသူများအနေဖြင့် အခက်အခဲများဖြစ်လာမည်ဖြစ်ပြီး၊ ပြည်တွင်းတွင်လည်း ကုန်ပစ္စည်းဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်ကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

**Source: the standardtime daily**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိကပြောပြ၍သိရသည်။ မအူပင်မြို့ဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ အာလူးများဝင်ရောက်လျက်ရှိပြီး မေလဒုတိယပတ်မှစတင်၍ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် အာလူး ၁၀ ပိဿာလျှင် ငွေကျပ် ၂၉,၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။



"မအူပင်ဈေးကွက်ထဲကို ရှမ်းပြည်နယ်က အာလူးတွေဝင်ရောက်နေပါတယ်။ စားသုံးမှုများလာတာနဲ့ အာလူးကြော်လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာတာကြောင့် အသုံးများနေတာ။ ဒါကြောင့် ဝယ်လိုအားများပြီး အရောင်းသွက်နေတာပါ။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်မှုရှိပါတယ်။ အရည်အသွေးလဲကောင်းတယ်။ လက်ရှိ အာလူးတစ်ပိဿာကို ငွေကျပ် ၃၀၀၀ ထိ ဈေးပေါက်နေတယ်။ လက်ရှိ အာလူးတွေက ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေတာပါ"ဟု မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိကပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် အာလူးပွဲရုံများတွင် တစ်ရက်လျှင် အာလူးပိဿာချိန် ၂၅၀ မှ ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါဒေသများမှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း ဒေါ်သီရိက ဆက်လက်ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွက် ကားထုတ်လုပ်မှုရည်မှန်းချက် ကျဆင်းဖွယ်ရှိ




ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွက် ကားထုတ်လုပ်မှုရည်မှန်းချက် လျှော့ချရဖွယ်ရှိပြီး ကားထုတ်လုပ်မှုများ ကျဆင်းလျက်ရှိကြောင်းနှင့် စီးပွားရေးနှေးကွေးမှုသည် ကားရောင်းချရမှုများကို သက်ရောက်စေခဲ့ကြောင်း ထိုင်းနိုင်ငံစက်မှုလုပ်ငန်းအဖွဲ့ချုပ် (FTI) အဆိုအရ သိရသည်။

ယခုနှစ်အစောပိုင်းတွင် FTI သည် ပြည်ပသို့တင်ပို့ရန်အတွက် ကားအစီးရေ ၁ ဒသမ ၁၅ သန်း၊ ပြည်တွင်းရောင်းချရန်အတွက် အစီးရေ ၇၅၀,၀၀၀၊ စုစုပေါင်းကားအစီးရေ ၁ ဒသမ ၉ သန်း၊ ယခင်နှစ်ထုတ်လုပ်မှုပမာဏ၏ ၃ ဒသမ ၁၅ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းချက်ထားခဲ့ပါသည်။ သို့သော် ဧပြီလတွင် စုစုပေါင်းကားထုတ်လုပ်မှုပမာဏသည် အစီးရေ ၁၀၄,၆၆၇ နှင့် ၁၁ ရာခိုင်နှုန်း လျှော့ကျခဲ့သည်။ အထူးသဖြင့် ပစ်ကပ်ကားထုတ်လုပ်မှုကဏ္ဍတွင် ၄၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကာ ခရီးသည်တင်ကားထုတ်လုပ်မှုကဏ္ဍမှာ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလမှဧပြီလအထိ ကားထုတ်လုပ်မှုပမာဏမှာ အစီးရေ ၅၁၈,၇၉၀ သာရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် အဆိုပါကာလထက် ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

FTI ၏ ဒုတိယဥက္ကဋ္ဌနှင့် Automotive Industry Club ၏ ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သူ Surapong Paisitpatanapong က စီးပွားရေးနှေးကွေးလျက်ရှိပြီး ဘဏ်များမှာလည်း ချေးငွေများပြန်လည်မရရှိနိုင်မှုကိုရှောင်ရှားရန် ကားချေးငွေဖြင့်ဝယ်ယူမှုများကို ဆက်လက်တင်းကျပ်လျက်ရှိသောကြောင့် စားသုံးသူများ၏ ဝယ်ယူနိုင်စွမ်းကို အားနည်းစေကြောင်း၊ FTI အနေဖြင့်လည်း လာမည့်(၂)လအတွင်း နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုစောင့်ကြည့်ရန် အလိုရှိသောကြောင့် ကားထုတ်လုပ်မှုရည်မှန်းချက်အသစ်မချမှတ်သေးကြောင်း၊ အစိုးရအနေဖြင့်လည်း စီးပွားရေးတိုးတက်လာရန်အတွက် အားတက်စေမည့် စီမံချက်အသစ်များကို ထုတ်ပြန်ရန် အကြံပြုကြောင်းပြောကြားခဲ့သည်။ ယခုနှစ်၏ ပထမလေးလတွင် ကားတင်ပို့မှုမှာ အစီးရေ ၃၄၀,၆၈၅ ဖြင့် လွန်ခဲ့သည့်နှစ် အဆိုပါကာလထက် ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။

**Source: Bangkok Post**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/20544

## ထိုင်းနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့

ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနက သံတမန်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုဖိတ်ကြားကာ ထိုင်းနိုင်ငံ၏ Foreign Business Act (FBA) 1999 အောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဥပဒေအားနားလည်စေရန်နှင့် ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနေစဉ် ဥပဒေများ မချိုးဖောက်စေရန်ရည်ရွယ်၍ အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသားများ၏ အမည်များကိုအသုံးပြု၍ လုပ်ငန်းလည်ပတ်နေသည့်အကြောင်းကို အဓိကထား၍ ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ် Ms. Auramon Supthaweethum က ပြောကြားခဲ့သည်။

ပါဝင်တက်ရောက်သူများတွင် ထိုင်းနိုင်ငံရှိ နိုင်ငံခြားကုန်သည်ကြီးများအသင်း၊ ဂျပန်ပြည်ပကုန်သွယ်ရေးအသင်း၊ ကိုရီးယားကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီနှင့် ဥရောပစီးပွားရေးအသင်းတို့ပါဝင်ကြောင်း၊ FBA သည် ထိုင်းနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာ၌ နိုင်ငံခြားသားပါဝင်မှု၊ စီးပွားရေးလုပ်ငန်းတည်ထောင်ရန်လုပ်ငန်းစဉ်များ၊ ခွင့်ပြုသည့်လုပ်ငန်းများ၊ နိုင်ငံခြားလုပ်ငန်းများအတွက် လိုင်စင်နှင့်လက်မှတ်များရရှိနိုင်ရေး လျှောက်ထားမှုလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ အချို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံခြားသားပိုင်ဆိုင်မှုကိုကာကွယ်၍ စီးပွားရေး ဆောင်ရွက်ရန်အတွက် ထိုင်းနိုင်ငံသားအမည်များကိုအသုံးပြုခြင်းဖြင့် ဥပဒေကိုမလိုက်နာကြပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ထောက်ပြဆွေးနွေးသည်။

ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ၊ အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် အပန်းဖြေ စခန်းလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများရှိ အမည် ၂၆,၀၁၉ ကို စစ်ဆေးသွားရန် စီစဉ်ထားပါကြောင်း၊ စုံစမ်းစစ်ဆေးမှုကို ချင်းမိုင်၊ ချွန်ပူရီ၊ စူရတ်ဌာနီ၊ ဖူးခက်၊ ဗန်ကောက်နှင့်ပရာချွန်ခီရီခန်ရှိ ပြည်နယ်များတွင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ပဏာမစစ်ဆေးထားချက်အရ ကိစ္စရပ် ၄၆၀ ခု အတွက် စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက် ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ ပြည်နယ် ၄ ခုကို စစ်ဆေးထားချက်အရ လုပ်ငန်း ၉၁ ခု၏ ရှယ်ယာပိုင်ဆိုင်မှုတွင် ဥပဒေနှင့် သွေဖီနေပါကြောင်း၊ စစ်ဆေးမှုသည် လုပ်ငန်းတည်နေရာ၊ ငွေစာရင်းရှင်းတမ်း၊ ရှယ်ယာပိုင်ဆိုင်မှုစသည့်အချက်များပေါ်တွင် ဆောင်ရွက်ပါကြောင်း Ms. Auramon က ဆက်လက် ပြောကြားခဲ့သည်။

FBA အောက်မှ လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်ရရှိနိုင်ရေး လျှောက်ထားရာတွင် အထောက်အကူပြုမည့် e-Foreign Business အွန်လိုင်းဝန်ဆောင်မှုစနစ်တစ်ခုကို ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ် ဇူလိုင်တွင် ထုတ်ပြန်ကြေညာရန် ခန့်မှန်းထားပါကြောင်း၊ နိုင်ငံခြား သားများအတွက် ကန့်သတ်လုပ်ငန်းစာရင်းကိုလည်း နှစ်အလိုက် ပြင်ဆင်လျက်ရှိပါကြောင်း၊ FBA အောက်မှ ဝန်ဆောင်မှုလုပ်ငန်း ၁၀ ခုသည် လိုင်စင်လျှောက်ထားရန် မလိုအပ်တော့ပါကြောင်း၊ စာရင်းအမှတ် ၃ ရှိ ဝန်ဆောင်မှုလုပ်ငန်း ၁၀ ခုမှလွဲ၍ ကျန်လုပ်ငန်းများသည် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးနှင့်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်း ဦးစီးဌာနကပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများအနေဖြင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ထိုင်းနိုင်ငံသား၏ ပိုင်ဆိုင်မှု ပါဝင်ရန်လိုအပ်သောကြောင့် နိုင်ငံခြားသားများက ထိုင်းနိုင်ငံသား၏အမည်အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်နေခြင်းအတွက် တာဝန်ရှိဦးစီးဌာနက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Npt-280520240303

## အစိမ်းရောင်စီးပွားရေးအပါအဝင် ကဏ္ဍစုံတွင် ဂျပန်-တရုတ် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားမည်

ဂျပန်ဝန်ကြီးချုပ်ဖူမီအိုခီရှိဒနှင့် တရုတ်ဝန်ကြီးချုပ်လီချန်းတို့အကြား ဂျပန်-တရုတ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၌ ၂၆-၅-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွမ်းအင်

အရင်းအမြစ်များထိန်းသိမ်းရေးစသည့် အစိမ်းရောင်စီးပွားရေးအပါအဝင် ကဏ္ဍစုံတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားကြရန် သဘောတူညီခဲ့ကြကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှုနှင့်သူနာပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ ဂျပန်နိုင်ငံမှတရုတ်နိုင်ငံသို့ အမဲသားတင်ပို့မှုကို ပြန်လည်ခွင့်ပြုပေးရန်နှင့် ဂျပန်ဆန်ချောအား တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး၊ နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် Japan-China High-Level Economic Dialogue ပြုလုပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားကြရန်၊ ဒေသတွင်းနှင့်နိုင်ငံတကာစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် တတိယနိုင်ငံ၏ ဈေးကွက်အတွင်း၌လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

ထို့ပြင် တရားဝင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုကို တွန်းအားပေးသည့် စီးပွားရေးဝန်းကျင်ဖော်ဆောင်နိုင်ရေး၏ အရေးပါမှုကို နှစ်ဖက်ခေါင်းဆောင်များအကြား ထပ်လောင်းအတည်ပြုခဲ့ကြကြောင်း၊ တရုတ်နိုင်ငံသို့ ကာလတိုအလည်သွားရောက်မည့် ဂျပန်နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့် ပြန်လည်ခွင့်ပြုပေးရန်အတွက်လည်းကောင်း၊ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့မှုကို တရုတ်နိုင်ငံမှ ပိတ်ပင်ထားမှုအား ချက်ချင်းပြန်လည်ရုပ်သိမ်းပေးရန်အတွက်လည်းကောင်း ဂျပန်ဝန်ကြီးချုပ်က တောင်းဆိုခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု၊ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာဘဏ္ဍာငွေများပေးအပ်ရေးကိစ္စများတွင် နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် Japan-China High-Level People-to-People and Cultural Exchange Dialogue ကို ကျင်းပခြင်းဖြင့် ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလာရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ လွှတ်တော်၊ နိုင်ငံရေးပါတီနှင့် ဒေသများအကြား အချင်းချင်းဖလှယ်သွားလာမှုများမြှင့်တင်ရန်နှင့် အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များအကြားလည်း ဖလှယ်သွားလာမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရများက ပံ့ပိုးသွားကြရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

**Source: Ministry of Foreign Affairs Japan (26-5-2024)**

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/article/STP(Ygn)_29052024_14:12

## ဂျပန်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့လိုကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနပြောကြား

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးတို့တွေ့ဆုံရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့လိုကြောင်း၊ ASEAN-Japan Midori Cooperation Plan အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပါအဝင် နှစ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနများကြား စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးမည့်ကိစ္စတို့ကို အထူးအလေးပေး ဆွေးနွေးခဲ့ကြကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် ဂျပန်နိုင်ငံသို့ ဖိလစ်ပိုင်နိုင်ငံထွက် ငှက်ပျောသီး၊ ဟက်စ်ထောပတ်သီးမျိုးနှင့် သရက်သီးတို့ကို ဈေးကွက်ထိုးဖောက်ရရှိရေးနှင့်အခွန်ဖြေလျှော့ပေးရန်တို့ကိုလည်း အဆိုပြုခဲ့ပါကြောင်း၊ ငှက်ပျောသီးသည် ဖိလစ်ပိုင်နိုင်ငံ၏ အဓိက စိုက်ပျိုးရေးပို့ကုန်တစ်ခုဖြစ်သည့်အတွက် ဂျပန်နိုင်ငံအနေဖြင့် ငှက်ပျောသီးအပေါ်ကောက်ခံသည့် အခွန်နှုန်းထားအား ဖြေလျှော့ပေးမည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ယှဉ်ပြိုင်မှုအား ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၀မှ ၂၀၂၃ ကာလအတွင်း ဂျပန်နိုင်ငံသို့ငှက်ပျောသီးတင်ပို့မှု မက်ထရစ်တန်ချိန် ၃ ဒသမ ၄ သန်းထိရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှဧပြီလအတွင်း ဖိလစ်ပိုင်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ငှက်ပျောသီး မက်ထရစ်တန်ချိန် ၂၄၁,၂၈၂ တန် တင်ပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ငှက်ပျောသီးအမျိုးအစားပေါင်း ၉ မျိုး တင်ပို့လျက်ရှိပြီး Cavendish အမျိုးအစားမှာ ဂျပန်ဈေးကွက်၏ ကြိုက်နှစ်သက်ဆုံး အမျိုးအစားတစ်ခုဖြစ်ပါကြောင်း၊ ငှက်ပျောသီးအပြင် ဂျပန်ဈေးကွက်သို့ ဟက်စ်ထောပတ်သီးမျိုးအား

ယခုနှစ်အတွင်း တင်ပို့ခွင့်ရရှိရန် ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားကင်းစင်ကြောင်းဆိုင်ရာ လိုအပ်ချက်များအတွက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလကတည်းကပင် ခွင့်ပြုချက်ရရှိပြီးဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နိုင်ငံမှဂျပန်နိုင်ငံသို့ သရက်သီးတင်ပို့မှုမှာ ၂၀၂၁ မှ ၂၀၂၃ ခုနှစ်အတွင်းကျဆင်းခဲ့ပြီး ဂျပန်နိုင်ငံ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးဆိုင်ရာစည်းမျဉ်းများ ပိုမိုတင်းကြပ်လာ၍ဖြစ်ပါကြောင်း၊ အထူးသဖြင့် Cecid fly infestation ဆိုင်ရာ ရောဂါပိုးမွှားနှင့် ပိုးမွှားကင်းစင်ခြင်းဆိုင်ရာအချက်တို့မှာ အဓိကအချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အတွက် ဖိလစ်ပိုင်နိုင်ငံရှိ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ၊ တင်ပို့သူများအနေဖြင့် Philippines Good Agricultural Practices နှင့်အညီဖြစ်စေရန် အလေးပေးဆောင်ရွက်စေလိုကြောင်း ပြောကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံနှင့်ဂျပန်နိုင်ငံကြား ဥစား၊ အသားစား ကြက်/ဘဲများ တင်ပို့ခြင်းဆိုင်ရာ အလားအလာများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်းဖော်ပြပါရှိသည်။

ဟက်စ်ထောပတ်သီးမျိုးသည် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပို့ကုန်ဦးစားပေး ကုန်စည်တစ်ခုဖြစ်ပြီး အထွက်နှုန်း တိုးမြှင့်ရန်ဆောင်ရွက်နေကြောင်း၊ ၂၀၂၃ ခုနှစ်က တောင်ကိုရီးယားဈေးကွက်သို့ ချိတ်ဆက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လတ်တလောတွင် ဖိလစ်ပိုင်နိုင်ငံမှဟက်စ်ထောပတ်သီးမျိုး တင်ပို့နေသည့် ဈေးကွက် ၈ ခုရှိပြီး တရုတ်၊ မလေးရှား၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ဘရူနိုင်း၊ အင်္ဂလန်၊ နယ်သာလန်နှင့်အိုင်ယာလန်တို့ဖြစ်သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ၏ ငှက်ပျောသီးတင်ပို့မှုတွင် ဂျပန်ဈေးကွက်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး စုစုပေါင်းငှက်ပျောသီး တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းမှာ ဂျပန်ဈေးကွက်သို့ တင်ပို့နေခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ထုတ်ပြန်ခဲ့သည့် Tariff Schedule အရ အောက်တိုဘာလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံမှ ငှက်ပျောသီးအား တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားမှာ ၁၈ ရာခိုင်နှုန်းဖြစ်သောကြောင့် ပြီးခဲ့သည့် နွေရာသီကာလ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကောက်ခံခဲ့သည့် အကောက်ခွန်နှုန်းထားဖြစ်သော ၈ ရာခိုင်နှုန်းထက် ပိုမိုများပြားနေသဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား ပိုမိုကောင်းမွန်လာစေရန် အခွန်နှုန်းထားဖြေလျှော့ပေးရန် ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုခြင်းဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

**Source: ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့**

## STOCK EXCHANGE (29.5.2024)

### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 29th May, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,488 (Shares) | 32,577,000 (MMK) |

| MYANPIX | 380.44 ▲ 1.95 |
|---|---|
| Total Volume (shares) | 11,488 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,576 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 50 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,350 | ▲ 50 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th May, 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 106,572 (Shares) | 222,063,800 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +200 | +2.30% | 8,600 | 8,900 | 8,600 | 5,994 | 52,066,100 | 33,109,694 | 294,676 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,850 | 2,950 | 2,850 | 7,722 | 22,215,500 | 38,929,150 | 114,841 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 182 | 1,474,200 | 10,400,986 | 84,248 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,550 | 1,600 | 1,550 | 2,044 | 3,169,600 | 29,664,613 | 47,463 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 300 | 510,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 1 | 4,700 | 10,497,598 | 49,339 |
| MAEX | 00008 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 3,485 | 8,015,500 | 23,804,946 | 54,751 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.49 | +5.88 | +1.58% | 369.82 | 378.49 | 369.82 | 19,728 | 87,455,600 | 8 | 713,902 |

### Index chart

